လုကာ ၁၄း၁၆-၂၄ တွင် ကျေးဇူးကရုဏာနှင့်ပြည့်စုံပြီး နှစ်လိုဖွယ်ကောင်းသော ဤခေါ်ဖိတ်မှုကို နားလည်ပြီး မည်သို့ပြန်လည်တုန့်ပြန်ရမည်ကို သိရှိရန် အထောက်အကူပေးမည့် သာဓကတစ်ခုကို ပေးထားပါသည်။

**၁။ မည်သူ့ကိုဖိတ်ခေါ်သနည်း။** ဘုရားသခင်က မည်သူ့ကိုမျှ နာမည်တပ်ပြီး ခေါ်ထားခြင်းမရှိပါ။ ဘုရားသခင်သည် သူ့ထံသို့လာသောသူတိုင်းကို မျိုးရိုးဗီဇ၊ လူမျိုး၊ အသားအရောင်၊ အသက်အရွယ် သို့မဟုတ် ပညာရေးအခြေအနေ မည်သို့ပင်ရှိစေကာမူ မေတ္တာထားလျက်လက်သင့်ခံတော်မူကြောင်း မိန့်ဆိုထားသည့် မယုံကြည်နိုင်လောက်သည့်သတင်းစကားတစ်ခုပင်ဖြစ်ပါသည်။ ထို့ထက်သာ၍ ရည်မှန်းထားခြင်းမရှိပါ။

**၂။ ဘုရားသခင်က အကြိမ်မည်မျှခေါ်ဖိတ်သနည်း။** တစ်ကြိမ်တစ်ခါတည်း ခေါ်ဖိတ်ထားခြင်းမျိုးမဟုတ်ပါ။ အကြိမ်ပေါင်း မြောက်များစွာ ခေါ်ဖိတ်ထားပါသည်။ ကျွန်ုပ်တို့၏ပုံဥပမာတွင်မူ သုံးကြိမ်ခေါ်ဖိတ်ထားပါသည်။ သို့ရာတွင်ယနေ့တွင် သင့်ကို အလေးအနက်ထားဖိတ်ခေါ်လိုပါသည်။ **"သူ၏အသံကို ယနေ့ကြားလျှင် စိတ်နှလုံးခိုင်မာခြင်းမရှိပါနှင့်။"** (ဟေဗြဲ ၃း၇-၈) ကျွန်ုပ်တို့သည် နောက်ကျစွာ တုန့်ပြန်ခြင်းအားဖြင့် ဘုရားသခင်၏ ကျေးဇူးတော်အပေါ် လျစ်လျူမရှုသင့်ပါ။

**၃။ မည်သို့ဖြစ်ပျက်လာမည်နည်း။** လုကာ ၁၄ တွင် ဖော်ပြထားသည့် ခေါ်ဖိတ်ခြင်း သုံးမျိုးမှာ အရေးကြီးသည့်အတွက် မြန်ဆန်စွာလုပ်ဆောင်ရန် ခေါ်ဖိတ်ခြင်းဖြစ်သည်။ ပထမလူက "လာကြပါ၊ အလုံးစုံတို့သည်အသင့်ရှိပါပြီ" (အပိုဒ် ၁၇) ဟု ဆို သည်။ ဒုတိယလူက ခေါ်ဖိတ်ခြင်းမှာ "အလျှင်အမြန်လာ" ၍ "ဝင်ပါ" ဟုဆိုသည် (အပိုဒ် ၂၁)။ နောက်ဆုံးလူကမူ "သူတို့ကို အနိုင်အထက်ခေါ်လော့" (အပိုဒ် ၂၃) ဟုဆိုသည်။ ဓမ္မသစ်ကျမ်းတွင် ဂရိစကားလုံး 'အာနာဂဇို' ကို ကိုးကြိမ် ဖော်ပြထားပြီး၊ ငါးကြိမ်မှာ "အနိုင်အထက်" အဖြစ်ဖော်ပြပြီး လေးကြိမ်မှာ "တစ်စုံတစ်ဦးအား တစ်စုံတစ်ခုကို လုပ်ဆောင်ရန် တွန်းအားဖြင့်စေခိုင်းခြင်း" သဘောဖြင့် ဖော်ပြထားပါသည်။ ဤဖော်ပြချက်များတွင် ကျွန်ုပ်တို့သည် စိတ်နှလုံးထက်ဝက်သာ ပျော်ရွှင်မှုကိုတွေ့ရသည်။ ဘုရင့်အစေခံက သူ့ဘဝတစ်ခုလုံးကို အပ်နှံသည်၊ ဖျောင်းဖျခြင်း၊ သမ္မာတရား၊ ချစ်မေတ္တာ၊ နူးညံ့သိမ်မွေ့ခြင်း၊ ယဉ်ကျေးမှု၊ ဖွဲ့လုံ့လနှင့်ရုပ် သိမ်းမှုအလုံးစုံကို အပ်နှံထားသည်။ ဥပမာအားဖြင့်ဆိုရလျှင် ငရဲသွားမည့်လူများကို သတိပေးရာတွင် ရှင်းလင်းစွာပြဆိုရပါမည်။

**၄။ တက်ရောက်လာသူများကား မည်သို့နည်း။** ဤဥပမာတွင်ဖော်ပြထားသောသူတို့တွင် အားလုံးက ခေါ်ဖိတ်ခြင်းကိုငြင်းပယ်ကြသည်။ ၎င်းမှာ ယေဘုယျကန့်ကွက်လိုစိတ်ကြောင့်မဟုတ်ဘဲ မှားယွင်းသောအရာများကို ဦးစားပေးထားခြင်းကြောင့် သာလျှင်ဖြစ်သည်။ အပိုဒ် ၂၄ က ခေါ်ဖိတ်ခြင်းကို ငြင်းပယ်သော သို့မဟုတ် လျစ်လျူရှုထားသောသူများအကြောင်းနှင့်ပတ်သက်ပြီး ဝမ်းနည်းပြီး ခါးသက်သော သမ္မာတရားအကြောင်းကို ဖော်ပြထားပါသည်။ **"အထက်က ခေါ်ဖိတ်သောသူတစ်ယောက်မျှ ငါ့ပွဲသို့မဝင်ရ၊ ငါအမိန့်ရှိပြီဟု မိန့်တော်မူသည်။"** သူတို့သည် ခေါ်ဖိတ်ခြင်းကိုခံကြသော်လည်း မလာကြပါ။ ယခုတွင် သူတို့မပါဘဲ မင်္ဂလာပွဲသည် ကျင်းပရတော့မည်။ သူတို့ကို ထာဝရကာလအတွက် ပယ်ထုတ်ခြင်းခံကြရသည်။ သမ္မာကျမ်းစာက ဤသို့သောပယ်ထုတ်ခြင်းကို ငရဲဟုဆိုသတည်း။ ဘုရားသခင်၏ခေါ်ဖိတ်ခြင်းသည် တစ်ဦးချင်းစီတိုင်းအတွက် ရရှိနိုင်ပါသေးသည်။ သင်ကိုယ်တိုင်က မည်ကဲ့သို့ ဆုံးဖြတ်ချက်ချမည်နည်း။ မည် သို့ပင်ဆိုစေ စားသောက်ပွဲသည် လူများစွာနှင့်ပြည့်နှက်နေပေမည်။ သမ္မာကျမ်းစာက အရေအတွက်ကို ဖော်ပြထားပါသည်။ ("လူမျိုးပေါင်းမြောက်များစွာ"၊ ရောမ ၁၁း၂၅) ထို လူအရေအတွက်ကို ဘုရားသခင်သိရှိထားသည်။ နောက်ဆုံးသော တရားပလ္လင်ပေါ်လာသောအခါ ခေါ်ဖိတ်ခြင်းရှိတော့မည်မဟုတ်ပါ။ ယေရမိ ၈း၁၀ တွင် ဤအကြောင်းအရာကို ရိတ်သိမ်းချိန်ဖြင့် ဖော်ပြထားပါသည်။ **"ရိတ်သိမ်းချိန်သည် ကျော်လွန်သွားပြီ။ နွေကာလသည်လည်း အဆုံးသတ်ပြီး ကျွန်ုပ် တို့လည်း ကယ်တင်ခြင်းသို့မရောက်။"**

**၅။ အဘယ့်ကြောင့် ဖိတ်ကြားထားသနည်း။** ကျွန်ုပ်တို့အား ဘုရားသခင်၏ ခေါ်ဖိတ်ခြင်းအကြောင်းသည် ၁ ယော ၄း၁၆ ၌ **"ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏"** ဟုဆိုထားသောကြောင့် အလွယ်တကူ တွေ့မြင်နိုင်ပါသည်။ ဘုရားသခင်၏ဖြစ်တည်ခြင်းသည် ချစ်ခြင်းမေတ္တာဖြစ်သည်။ သူ့မေတ္တာသည် လူသားမေတ္တာအလုံးစုံ၏ အရင်းအမြစ်ပင်ဖြစ်ပါသည်။ ယေရမိ ၃၁း၃ တွင် ဘုရားသခင်က ကျွန်ုပ်တို့အား တိုက်ရိုက်ပြောဆိုထားပါသည်။ **"ငါအသက်ရှင်သည်အတိုင်း၊ ဆိုးသောသူသည် အသေခံခြင်းအမှုကို ငါနှစ်သက်သည်မဟုတ်။ ဆိုးသောသူသည် မိမိဆိုးသောလမ်းမှလွှဲ၍ အသက်ရှင်ခြင်းအမှုကိုသာ ငါနှစ်သက်၏။"** (ယေဇကျေလ ၃၃း၁၁)

**၆။ ခေါ်ဖိတ်ခြင်းကို မည်သို့လက်ခံရမည်နည်း။** ယေရှုသည် ကောင်းကင်သွားဖို့လက်မှတ်ကို လုပ်ဆောင်ရာတွင် တာဝန်ရှိသူဖြစ်သည်။ **"ယေရှုခရစ်၏ အသွေးတော်ကို ယုံကြည်ခြင်းအားဖြင့်၊ ထိုခရစ်တော်ကို အပြစ်ဖြေစရာအကြောင်းဖြစ်စေခြင်းငှါ ခန့်ထားတော်မူပြီ။"** (ရောမ ၃း၂၅ခ) ယေရှုခရစ်တော်သာမရှိခဲ့လျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်နိုင်ပါ။ (ယောဟန် ၁၄း၆) ကျွန်ုပ်တို့သည် ပြစ်မှားသောအပြစ်များကို ဖြူစင်သောစိတ်နှလုံးဖြင့် ဝန်ချတောင်းပန်လျှင် (၁ ယောဟန် ၁း၉) ကျွန်ုပ်တို့၏အပြစ်အလုံးစုံတို့ကို ဖြေလွှတ်ပြီး ဆေးကြောတော်မူသည်။ နောင်တတရားနှင့်ယုံကြည်ခြင်းနှင့်ဆိုင်သော ရိုးစင်းသည့် ဆုတောင်းချက်က ကျွန်ုပ်တို့ကျူးလွန်ပြစ်မှားခဲ့သော အပြစ်ရှိသမျှကို ယေရှုထံ အပ်နှံပေးပါသည်။ ဤနည်းဖြင့် ဖိတ်ကြားခြင်းကို ကျွန်ုပ်တို့ လက်ခံရရှိပါသည်။ **"ထိုသူကို လက်ခံသမျှသောသူတည်းဟူသော ကိုယ်တော်ကို ယုံကြည်သောသူတို့အား ဘုရားသခင်၏သားဖြစ်ရသောအခွင့်ကို ပေးတော်မူ၏။"** (ယောဟန် ၁း၁၂)


© Christian Schwier - Fotolia.com

© LeonART - Fotolia.com

ကောင်းကင်ဘုံနှင့်သက်ဆိုင်သော ဤကြီးမားသည့်စားသောက်ပွဲကြီးသည် ယေရှုခရစ်နှင့်၎င်း၏ သတို့သမီး(အသင်းတော်၊ သူ၏လူ) အတွက် ထိမ်းမြားမင်္ဂလာပွဲကြီးပင်ဖြစ်ပါသည်။ ဤသည်မှာ ကျွန်ုပ်တို့ချစ်သောသခင်နှင့် ထာဝရပေါင်းစည်းရမည့်အကြောင်းအရာကို နားလည်နိုင်သည့် လှပသော နည်းလမ်းပင်ဖြစ်ပါသည်။ ဤဖိတ်ခေါ်ချက်ကို လက်ခံသောသူတို့သည် ဝတ်ဆင်ဖို့ရန်အတွက် မင်္ဂလာဆောင်ဝတ်ရုံတည်းဟူသော သန့်ရှင်းခြင်းသင်္ကေတကို ပေးထားသည်။ သန့်ရှင်းသောမင်္ဂလာဆောင်ဝတ်ရုံကို ဤနည်းလမ်းဖြင့်လက်ခံခြင်းအားဖြင့်သာ (မဿဲ ၂၂း၁၁၊ ဗျာဒိတ် ၃း၄၊ ၇း၉၊ ၇း၁၄၊ နှင့် ၁၉း၈) ကောင်းကင်ဘုံသို့ဝင်ရောက်ရန် ကျွန်ုပ်တို့ကို လက်ခံမည်ဖြစ်သည်။ ဘုရားသခင်၏မေတ္တာ၌ အားလုံးပါဝင်ပါသည်။ သနား၍ဘက်လိုက်ခြင်း၊ အကျိုးပျက်စီးစေခြင်း၊ ရွေးချယ်သောမေတ္တာမျိုးမရှိပါ။ သူ့မေတ္တာသည် လူတိုင်းအတွက်ဖြစ်ပါသည်။ သို့ရာတွင် ဘုရားသခင်၏ ခေါ်ဖိတ်ခြင်းသည် ကျယ်ပြန့်သော်လည်း လက်မခံသူများအပေါ် ကျရောက်မည့် ကျဉ်းမြောင်းသောအယူအဆတစ်ခုကိုလည်း သမ္မာကျမ်းစာက ဖော်ပြထားပါသည်။ ဤခေါ်ဖိတ်ခြင်းကိုငြင်းပယ်ပြီး သခင်ယေရှုခရစ်ကို ယုံကြည်လက်ခံခြင်း မရှိသောသူတိုင်းသည် ထာဝရဆုံးရှုံးရမည်ဖြစ်သည်။ ခရစ်ယာန်လမ်းညွှန်စာအုပ်ကို ရေးသားသည့် နာမည်ကျော် ဒါ့ချ်စာရေးဆရာကြီး Corrie ten Boom (၁၈၉၂-၁၉၈၃) က ("အကျဉ်းသားကို လွတ်မြောက်စေသည်) စာအုပ်တွင် ဤသို့မှန်ကန်စွာ ရေးသားခဲ့ပါသည်။

> "ကျွန်ုပ်တို့အားလုံးသည် ကျန်းမာခြင်း၊ စည်းစိမ်၊ ကျော်ကြားမှု၊
> ပညာရှင်ဖြစ်ခြင်း၊ ပညာရေး၊
> အလှအပ၊ မိတ်ဆွေသူငယ်ချင်း အပေါင်းအသင်းမရှိဘဲ၊
> အခြားသောအရာ အခု ၁၀၀၀၀ မျှကို မပိုင်ဆိုင်ဘဲ
> ကောင်းကင်ဘုံသို့သွားနိုင်သော်လည်း
> ယေရှုခရစ်တော်မပါဘဲ
> ကောင်းကင်ဘုံသို့ ဘယ်တော့မှ မရောက်နိုင်ပါ။"

ဤဝေစာကိုဖတ်ရှုပြီး သခင်ယေရှုခရစ်သည် သင်၏ကယ်တင်ခြင်းအတွက်တစ်ခု တည်းသောလမ်းဖြစ်ကြောင်းကို၎င်း၊ ထိုယေရှုကို စိတ်နှလုံးအကြွင်းမဲ့ယုံကြည်၍ နောက်တော်သို့လိုက်လိုကြောင်းကို သိရှိနားလည်လာလျှင် ဘုရားသခင်၏ ရှေ့တော်၌ စစ်မှန်စွာဖြင့် အောက်ပါဆုတောင်းခြင်းကိုပြုလျှက် စိတ်ချယုံကြည်စွာ ရရှိလုပ်ဆောင်နိုင်ပါသည်။

"သခင်ယေရှု၊ ကိုယ်တော်သည် ကောင်းကင်သွားရန် တစ်ခုတည်းသော လမ်းဖြစ်ကြောင်းကို ယနေ့တွင် ဖတ်ရှုရပါ၏။ ယနေ့မှစ၍ ကိုယ်တော်နှင့်အတူ ကောင်းကင်ဘုံ၌ နေလိုပါ၏။ ကျွန်ုပ်ကျူးလွန်သောအပြစ်ကြောင့် ကျွန်ုပ်နှင့်ထိုက်တန်လှသော ငရဲမှ အကျွန်ုပ်ကိုကယ်နှုတ်တော်မူပါ။ ကိုယ်တော်သည်အကျွန်ုပ်အား အလွန်ချစ်မြတ်နိုးသောကြောင့် အကျွန်ုပ်၏ အပြစ်ကြွေးများကိုပေးဆပ်ရန် လက်ဝါးကပ်တိုင်၌ အသေခံခဲ့သည်။ ကျွန်ုပ်ငယ်စဉ်ကတည်းကပြုမိသော အပြစ် ဒုစရိုက်များမှစ၍ အလုံးစုံသောအပြစ်ကို ကိုယ်တော်သိမြင်ပါ၏။ ကိုယ်တော်က အကျွန်ုပ်မှတ်မိသောအရာ၊ မေ့လျော့သောအရာတည်းဟူသော ကျူးလွန်ပြစ်မှားမိသမျှ အပြစ်အလုံးစုံကို သိမြင်ပါ၏။ ကျွန်ုပ်စိတ်နှလုံးထဲ၌ရှိသော အကြံအစည်နှင့်ခံစားချက် အလုံးစုံကိုလည်း သိပါ၏။ ကိုယ်တော်၏ရှေ့တော်၌ အကျွန်ုပ်သည် ဖွင့်ထားလျက်ရှိ သော စာအုပ်တစ်အုပ်နှင့်တူပါ၏။ ယခုလက်ရှိအခြေအနေတိုင်းသာဖြစ်လျှင် အကျွန်ုပ် သည် ကောင်းကင်သို့ရောက်နိုင်စရာ အကြောင်းမရှိပါ။ အဘယ့်ကြောင့်ဆိုသော် ယခုတွင် ကိုယ်တော်မပါဘဲ အသက်ရှင်နေသောကြောင့်ဖြစ်သည်။ ပြုမိသောအပြစ်များအတွက် နောင်တရလျက်ရှိပါ၍ ခွင့်လွှတ်ပေးပါရန် အသနားခံတောင်းလျှောက်ပါ၏။ ကျွန်ုပ်၏အသက်တာထဲသို့ ယခုဝင်ရောက်နေရာယူပြီး အကျွန်ုပ်ကိုအသစ်ပြုပြင် ပုံသွန်းပေးတော်မူပါ။ မကောင်းသောအမှုအရာများကို စွန့်ပယ်လျက် ထိုအရာများကို မင်္ဂလာရှိသော အမှုအကျင့်သစ်များဖြင့် အစားထိုးလုပ်ဆောင်နိုင်ရန် အကျွန်ုပ်အား ကူမတော်မူပါ။ ကိုယ်တော်၏ နှုတ်ကပတ်တော်တည်းဟူသော သမ္မာကျမ်းစာကို သိရှိနိုင်သောလမ်းသို့ ပို့ဆောင်ပေးပါ။ ကိုယ်တော်သိစေလိုသောအရာကို နားလည် သဘောပေါက်ရန် မစမူပါ။ ကျွန်ုပ်လုပ်ဆောင်သမျှသောအရာတိုင်းသည် ကိုယ်တော်ကို ကျေနပ်စေသောအရာဖြစ်စေရန်အတွက် နာခံတတ်သောနှလုံးသားကို အကျွန်ုပ်အားပေးသနားပါ။ ယခုမှစ၍ ကိုယ်တော်ကို ကျွန်ုပ်ဘဝအသက်တာကို အုပ်စိုးသောသခင်အဖြစ်အလိုရှိပါ၏။ ကိုယ်တော်၏နောက်တော်သို့လိုက်လိုပါ၏။ ကျွန်ုပ်အသက်တာတစ်လျှောက်လုံးတွင် အကျွန်ုပ်သွားသင့်သောလမ်းအတိုင်းသွားနိုင်ရန် ကိုယ်တော်ပြည့်ဆွန်မူပါ။ ကျွန်ုပ်၏ဆုတောင်းချက်ကို နားညောင်းပြီး အဖြေပေးသနားတော်မူသောကြောင့် ကျေးဇူးတင်ပါသည်။ သို့မှသာအကျွန်ုပ်သည် နောင်အခါတွင် ကောင်းကင်ဘုံ၌ ကိုယ်တော်နှင့်အတူရှိနေမည့် ဘုရားသခင်၏သား ဖြစ်ပေမည်။ အာမင်။"



Gospel Outreach Mission မှ ဘာသာစကားအမျိုးမျိုးဖြင့် ဧဝံဂေလိစာပေများ ရိုက်နှိပ်ထုတ်ဝေ၍ အခမဲ့ဖြန့်ဝေလျှက်ရှိပါသည်။ ဤစာပေနှင့် စာအုပ်ငယ်များကို ဖြန့်ဝေလိုပါက အောက်ပါလိပ်စာသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

Original Title: Die größte Einladung
Homepage of the author: www.wernergitt.de
© Bruderhand-Medien

**Gospel Outreach Mission/ Concordia Publishing House (Reg. 01485)**
247 Bogyoke Street, P. O. Box 526
Yangon, Myanmar.

Printed in Partnership with Bruderhand-Medien
Printed in Myanmar Nr. 128-78 – Burmese – 1st edition 2021

ဓမ္မဒါန

# အမြင့်မြတ်ဆုံးသော ဖိတ်ကြားချက်

## မေတ္တာပေးစာတစ်စောင်



WERNER GITT

© LeonART - Fotolia.com

# အမြင့်မြတ်ဆုံးသော ဖိတ်ကြားချက်

## မေတ္တာပေးစာတစ်စောင်

ဤကမ္ဘာပေါ်တွင် မေတ္တာဖြင့်ဖိတ်ခေါ်စာတစ်စောင်ကို ကိုယ်တိုင်လက်ခံသောအခါ ဝမ်းနည်းကြေကွဲသောသူ မည်သူမျှမရှိပါ။ ကျွန်ုပ်တို့အားလုံးသည် ထိုသို့သော ပေးစာတစ်စောင်မျိုးကို လက်ခံထားကြသည်ကို သင်သိပါသလား။ ၎င်းကို သမ္မာကျမ်းစာဟု ခေါ်ဆိုပါသည်။ သမ္မာကျမ်းစာဟူသည်မှာ တစ်နည်းအားဖြင့် ဘုရားသခင်က ကျွန်ုပ်တို့ထံပေးပို့သော မေတ္တာပေးစာပင်ဖြစ်ပါသည်။ ထို့အပြင် ထိုအထဲ၌ သာမန်ထက်ထူးကဲသော ဖိတ်ကြားချက်တစ်ခုပါဝင်ပါသည်။

သူတစ်ပါးထံ ပေးစာမှာ လူတစ်ဦးက၎င်းချစ်ခင်စုံမက်ပြီး ဂရုတစိုက်စောင့်ရှောက်ရသော အခြားတစ်ဦးဦးထံ ရေးသားပေးပို့သောစာမျိုးပင်ဖြစ်ပါသည်။ ဤအရာသည် ပညတ်တရားစာအုပ် သို့မဟုတ် စီးပွါးရေးလက်စွဲကဲ့သို့သော အချက်အလက်နှင့် ကိန်းဂဏန်းများကိုပြုစုထားသော စာရင်းတစ်ခုမဟုတ်ပါ။ အချက်အလက်တွေနှင့် ဆက်စပ်မှုရှိသော ရှေးဟောင်းစာအုပ် သို့မဟုတ် စွယ်စုံကျမ်းကဲ့သို့လည်းမဟုတ်ပါ။ တစ်ဦးကိုတစ်ဦးသိပြီး အလေးအမြတ်ထားသောပုဂ္ဂိုလ်များက ၎င်းတို့၏အရင်းနှီးဆုံးသောခံစားချက်ကို ရေးသားဖွင့်ဆိုခြင်းဖြစ်သည်။ သင်သည် ဖတ်ရှုသူက နားလည်သဘောပေါက်နိုင်အောင် မျှော်လင့်ခြင်းကြီးစွာဖြင့် သင်၏ ဝမ်းနည်းခြင်းနှင့် ဝမ်းမြောက်ခြင်းတို့ကို မျှဝေခံစားသည်။ ပေးစာသည် မိမိ၏ စိတ်ဝင်စားမှုနှင့် မေတ္တာကိုဖော်ကျူးသည့် သင်္ကေတတစ်ခုပင်ဖြစ်ပါသည်။

ဘုရားသခင်၏ပေးစာသည်လည်း ထိုနည်း၎င်းပင်ဖြစ်သည်။ ဓမ္မသစ်ကျမ်းအပါအဝင် သမ္မာကျမ်းစာတစ်ခုလုံးသည် ဘုရားသခင်က ကျွန်ုပ်တို့ထံပေးပို့သော မေတ္တာပေးစာပင်ဖြစ်ပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုချစ်ပြီး တစ်ဦးချင်းစီကိုသိသည်။



© montropic - Fotolia.com

ထို့ကြောင့် ပေးစာပုံစံ . . . မေတ္တာပေးစာဖြင့် ကျွန်ုပ်တို့အား အဆက်အသွယ်ပြုရန် ရွေးချယ်ခဲ့ပါသည်။

သမ္မာကျမ်းစာနှင့်ပတ်သက်ပြီး မတူညီသောရှုထောင့်များ ရှိကြသော်လည်း ကောင်းမွန်သော အကြောင်းပြချက်သည်သာ ကျွန်ုပ်တို့အတွက်အကျိုးရှိနိုင်မည်ဖြစ်သည်။ သို့ရာတွင် သမ္မာကျမ်းစာ၏မူလဇစ်မြစ်နှင့်ပတ်သက်ပြီး အကျယ်တဝင့် ရေးသားဖော်ပြချက်တိုင်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်က တစ်ဦးချင်းစီကို တိုက်ရိုက်ဖွင့်ဆိုထားခြင်းမရှိလျှင် အဆုံးပိုင်းတွင် မရေမရာဖြစ်တတ်ပါသည်။ သမ္မာကျမ်းစာကို ကတိုက်ကရိုက်ဖတ်ရှုသည့်သူများပင် ဓမ္မသစ်ကျမ်းစာတစ်ခုလုံး၏ပုံစံသည် တစ်ဦးချင်းပေးစာပုံစံဖြစ်ကြောင်းကို ချက်ချင်းသိရှိနိုင်မည်။ ဓမ္မသစ်ကျမ်းရှိ ၂၇ ကျမ်းထဲ က ၂၁ ကျမ်းသည် ပေးစာများအဖြစ် ပေါ်လွင်ထင်ရှားသည် - ဥပမာ ရောမသြဝါဒစာ၊ ကောရိန္သုသြဝါဒစာ၊ ဂလာတိသြဝါဒစာ စသည်တို့ဖြစ်ပါသည်။ ရှင်လုကာခရစ်ဝင်ကျမ်းအစပိုင်းကျမ်းပိုဒ်နှင့် တမန်တော်တို့၏ဝတ္ထုအစပိုင်း ကျမ်းပိုဒ်တို့က ပေးစာများအဖြစ် စုစည်းရေးသားထားခြင်းဖြစ်ကြောင်း အထင်အရှားဖြစ်ပါသည်။ သမ္မာကျမ်းစာ၏ နောက်ဆုံးကျမ်းတွင်လည်း ပေးစာ၊ သတင်းစကားအဖြစ် လူသိများသော တိုတိုတုတ်တုတ်ပေးစာများစွာ ပါဝင်ပါသည် (ဗျာဒိတ် ၂ နှင့် ၃)။ ယေရှုခရစ်၏သတင်းကောင်းသည် ကျွန်ုပ်တို့ထံ ပေးစာပုံစံမျိုးဖြင့် ဖော်ပြထားခြင်းသည် မတော်တစ်ဆဖြစ်လာသော အကြောင်းအရာမဟုတ်ပါ။ ကျွန်ုပ်တို့သည် စိတ်နှလုံးကြေကွဲသောအချိန်၊ ခွန်အားပေးရန်လိုအပ်သောအချိန်၊ နှစ်သိမ့်ခြင်းနှင့်အကြံ ဉာဏ်ပေးရန်လိုအပ်သောအချိန်ကို ဘုရားသခင်သိသည်။

- ကျွန်ုပ်တို့အန္တရာယ်ကြုံတွေ့နေချိန်ကို သူသိသည်။ ထို့ကြောင့် ဆုံးမခြင်း၊ လမ်းညွှန်ခြင်းနှင့် လမ်းပြမှုကိုပေးထားသည်။
- အပြစ်ဒုစရိုက်က ကျွန်ုပ်တို့အား အဘယ်မျှလောက်ဝန်လေးစေသည်ကို သူသိသည်။ ထို့ကြောင့် အပြစ်ခွင့်လွှတ်ခြင်းကို တစ်ဦးချင်းစီအား ပေးထားသည်။
- ယောက်ျားနှင့်မိန်းမတိုင်းသည် လမ်းလွဲနေကြသည်ကို သူသိသည်။ ထို့ကြောင့် ထာဝရလမ်းဆုံးကို ကျွန်ုပ်တို့အတွက် သူလုပ်ဆောင်ပေးခဲ့သည်။
- သူက ကျွန်ုပ်တို့လမ်းပျောက်နေခြင်းကိုသိသည်။ ထို့ကြောင့် ထာဝရအသက်ကို ကျွန်ုပ်တို့အား ပေးထားပါသည်။

ကျွန်ုပ်တို့အားပေးထားသော ဘုရားသခင်၏နှုတ်ကပတ်တော်(သူ၏ပေးစာ) သည် တိကျထိရောက်ပြီး ကျွန်ုပ်တို့၏ဖြစ်တည်မှုအတွက် များစွာအကျိုးပြုသည်။ ထို့ကြောင့် ၎င်းကို ချစ်သောစိတ်နှလုံးနှင့် ဆုတောင်းခြင်း အားဖြင့် ဖတ်ရှုလေ့လာသင့်ပါသည်။ ဤသို့သောနည်းလမ်းဖြင့် သမ္မာကျမ်းစာကို ချဉ်းကပ်မှု ပြုသောသူတိုင်းသည် ကြွယ်ဝသောကောင်းကြီးမင်္ဂလာကို ရရှိမည်ဖြစ်သည်။ အခြားတစ်ဖက်တွင် မယုံကြည်သောစိတ်နှင့် ဝေဖန်လိုသော အပြုအမူ ဖြင့် ဖတ်ရှုလေ့လာသူများသည် လက်ချည်းပက်လက်ဖြစ်ရမည်ဖြစ်သည်။

## ဘုရားသခင်၏ပတ်သက်မှု

ဤပေးစာကို အစပြုသူ၊ ဘုရားသခင်သည် အကြောင်းတရားတစ်ခုကြောင့် ကျွန်ုပ်တို့ထံ ပေးပို့ထားခြင်းဖြစ်ပါသည်။ သူသည် အပြစ်တရားကြောင့် ဝေးကွာခဲ့ရသောလူတို့ကို သူ့ထံသို့ ပြန်လည်သိမ်းယူလိုသောကြောင့်ဖြစ်ပါသည်။ ဘုရားသခင်၏အလိုတော်မှာ အဘယ်သူမျှ ပျက်စီးခြင်းသို့မရောက်ဘဲ *သမိုင်းတွင်သည့် အကြီးမားဆုံးသော ရွေးနှုတ်ခြင်းကို* ပြည့်စုံစေရန်ဖြစ်ပါသည်။ ခမည်းတော်ဘုရားထံသို့ သွားရမည့် တံတားမှာ ယေရှုခရစ်တော်ပင်ဖြစ်ပါသည်။ သို့ဖြစ်၍ ယခုတွင် ထိုလမ်းကိုပြသရန် ဆန္ဒရှိသည့် ကျွန်ုပ်တို့အထဲကလူများကို ရှာဖွေလျက်ရှိပါသည်။ ကယ်တင်ခြင်းရရှိနိုင်မည့်နည်းလမ်းကို အခြားသူများအား ပြောပြနိုင်သည့်သက်သေခံများကို သူအလိုရှိပါသည်။ သူသည် ဆုတောင်းခြင်းနှင့်လူသားတို့ အမှုကိုဆောင်ခြင်းဖြင့် ဝမ်းမြောက်ခြင်းကိုပေးနိုင်သော အမှုတော်ဆောင် လုပ်ဖော်ဆောင်ဖက်ကို အလိုရှိသည်။ သူသည် ကြောက်ရွံ့ခြင်း၊ ရှုပ်ထွေးခြင်းများ၊ မျှော်လင့်ချက်မဲ့ခြင်းဖြင့် ပြည့်နှက်နေသောကမ္ဘာကြီးကို အလင်းပေးမည့် မျှော်လင့်ချက်မီးပြတိုက်ကို အလိုရှိပါသည်။ သူက မုန်းတီးမှုတွေများနေသောကမ္ဘာ၊ ရန်ပွဲနှင့်တိုက်ခိုက်သောစစ်ပွဲများစွာနှင့်ပြည့်နေသောကမ္ဘာကြီးဆီသို့ ၎င်း၏ ချစ်မေတ္တာကို သယ်ဆောင်ပေးမည့်သူများကို လိုက်လံရှာဖွေလျက်ရှိပါသည်။ ကိုယ်နှင့်စပ်ဆိုင်သောသူများထံ သတင်းကောင်းယူဆောင်ပြီး ကမ္ဘာဆုံးထိတိုင် ဟောပြောသက်သေခံမည့် သာသနာပြုများကို လိုက်လံရှာဖွေနေသည်။ ဓမ္မဆရာများ၊ သိုးထိန်းများ(သင်းအုပ်များ) နှင့် သာသနာပြုများကို ရှာဖွေလျက်ရှိပါသည်။ သူ၏နှုတ်ကပတ်တော်အကြောင်းကို ပြောဆိုသောသူများနှင့် ရေးသားသောသူများကိုလည်း လိုအပ်လျက်ရှိပါသည်။ အတိုချုပ်ဆိုရသော် အလုပ်လက်မဲ့ဟူ၍မရှိဘဲ လူတိုင်းကို လိုအပ်လျက်ရှိပါသည်။

## စာပို့သမားသည် သင်၏တုန့်ပြန်မှုကို စောင့်မျှော်နေပါသည်။

စာကိုပေးပို့ပြီးနောက်တွင် တုန့်ပြန်မှုကိုရရှိရန် အချိန်မည်မျှ စောင့်မျှော်ရမည်နည်း။ ဘုရားသခင်က မည်မျှနောက်ထပ်လုပ်ဆောင်ရဦးမည်နည်း။ သူသည် ပေးစာရေးသားခြင်းအားဖြင့်သာမကဘဲ သူလုပ်ဆောင်ခဲ့ပြီးသောအရာအားဖြင့်လည်း သူ့မေတ္တာအကြောင်းကို ကျွန်ုပ်တို့ထံ ထင်ဟပ်စေခဲ့ပြီးဖြစ်ပါ သည်။ သင်သည် တုန့်ပြန်မှုကို အမှန်တကယ်ပေးမည်လား။



© LVDESIGN - Fotolia.com

အပြစ်တရားထဲက သူရွေးနှုတ်ရန်ပေးရသည့်တန်ဖိုးမှာ အလွန်မြင့်မားလွန်းလှသည်။ "ယေရှုခရစ်သည် ငါတို့ကိုကယ်နှုတ်ခြင်းငှါ၊ ငါတို့အပြစ်ကြောင့်ကိုယ်ကိုကိုယ်အပ်ပေးတော်မူ၏။" (ဂလာတိ ၁း၄) ကျွန်ုပ်တို့သည် ယေရှုခရစ်၏မြတ် လှစွာသော အသွေးတော်ကြောင့် ရွေးနှုတ်ခြင်းခံရကြသည် (၁ ပေတရု ၁း၁၉)။ ဟေဗြဲသြဝါဒစာစောင်က စိတ်နှလုံးသွင်းရန် သတိပေးလျက် ရှိပါသည်။ "ဤမျှကြီးစွာသောကယ်တင်တော်မူခြင်းတရားကို ငါတို့သည် နားမထောင်ဘဲနေလျှင်၊ အပြစ်ဒဏ်နှင့်အဘယ်သို့လွတ်ကြမည်နည်း။" (ဟေဗြဲ ၂း၃) ထို့ကြောင့် ဘုရားသခင်သည် ကျွန်ုပ်တို့၏ တုန့်ပြန်မှုကို စောင့်မျှော်လျက်ရှိပါသည်။ သူပေးသောကယ်တင်တော်မူခြင်း အကြောင်းနှင့်ပတ်သက်ပြီး အဘယ်အရာကိုကျွန်ုပ်တို့ပြောဆိုမည်နည်း။ ကျွန်ုပ်တို့သည် ဆုတောင်းပဌနာပြုခြင်းအားဖြင့် ဘုရားသခင်ဆန့်တန်းလျက်ရှိသော လက်တော်ကို ယေရှုခရစ်အားဖြင့်ဆွဲကိုင်ပြီး ကျွန်ုပ်တို့ကိုကယ်တင်ရန် နာမတော်ကို ခေါ်ဆိုနိုင်သည် (ရောမ ၁၀း၁၃)။ သူ၏နှုတ်ကပတ်တော်(ပေးစာ)အပေါ် သင့်လျော်သောတုန့်ပြန်မှုမှာ ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် ကိုးကွယ်ခြင်းပင်ဖြစ်ပါသည်။ သူ၏နှုတ်ကပတ်တော်ကို စဉ်ဆက်မပြတ်ဖတ်ရှုမည်ဆိုလျှင် (ယောရ ၁း၈) ကျွန်ုပ်တို့အသက်တာကို လမ်းပြပေးမည်။ ကျွန်ုပ်တို့အသက်တာ သည်လည်း အခြားသူများဖတ်ရှုစရာ အသက်ရှင်သောစာအဖြစ်သို့ ပြောင်းလဲလာပေမည်။ ဘုရားသခင်ထံ သာ၍ နီးကပ်လာမည်ဖြစ်ပါသည်။ **"အဘယ်သို့နည်းဟူမူကား၊ သင်တို့သည် မှင်နှင့်ရေးသားသောစာမဟုတ်၊ အသက်ရှင်တော်မူသော ဘုရားသခင်၏ဝိညာဉ်တော်နှင့် ရေး၍၎င်း၊ ကျောက်ပြားပေါ်၌မရေးဘဲ အသားနှင့်ပြည့်စုံသောနှလုံးပြားပေါ်၌ ရေး၍၎င်း၊ ငါတို့ပြုစုသောခရစ်တော်၏စာ ထင်ရှားစွာဖြစ်ကြ၏။"** (၂ ကော ၃း၃)

ကျွန်ုပ်တို့အားပေးသော မေတ္တာစာအနေဖြင့် သမ္မာကျမ်းစာကို ကျွန်ုပ်တို့ဖတ်ရှုလေ့လာသောအခါ ဘုရားသခင်နှင့်သာ၍နီးကပ်သောဆက်နွယ်မှု ဖြင့် အသက်ရှင်လာရပေလိမ့်မည်။ အသိပညာသည် ကောင်းသော်လည်း မေတ္တာ သည် သာ၍ကောင်း၏။ ယေရှုက ဤအကြောင်းအရာကို ယောဟန် ၁၀း၂၇-၂၈ တွင် မိန့်ဆိုထားပါသည်။ **"ငါ့သိုးတို့သည် ငါ့စကားသံကိုနားထောင်၍ ငါ့နောက်သို့လိုက်ကြ၏။ ထိုသိုးတို့ကို ငါသိ၏။ ထာဝရအသက်ကိုလည်း ငါပေး၏။ ထိုသိုးတို့သည် ပျက်စီးခြင်းနှင့် အစဉ်မပြတ်ကင်းလွတ်ကြလိမ့်မည်။ အဘယ်သူမျှ ထိုသိုးတို့ကို ငါ့လက်မှ မနှုတ်မယူရာ။"** ကောင်းသောသိုးထိန်း(ယေရှု) ၏အသံကို ကြားသမျှသောသူတိုင်းက ၎င်းခေါ်သံသည် နှိုင်းမရနိုင်ကြောင်းကို သိကြလိမ့်မည်။ ဤသိုးထိန်းနောက်သို့လိုက်သမျှသောသူတို့သည် သေခြင်းမှအသက်ရှင်ခြင်းသို့ ကူးမြောက်ကြလိမ့်မည်။

## ကျွန်ုပ်တို့ကို မျှော်လင့်သည်။

ကျွန်ုပ်တို့အသက်တာတွင် ဖိတ်ခေါ်ခြင်းများစွာကို ရရှိခဲ့ကြသည်။ ကျွန်ုပ်တို့၏ သားသမီးများကို ကလေးမွေးနေ့ပါတီပွဲ၌ ဖိတ်ခေါ်ခြင်းဖြင့် အစပြုပါသည်။ အရွယ်ရောက်လာသောသူတစ်ဦးအနေဖြင့် မွေးနေ့ပါတီပွဲ၊ နှစ်ပတ်လည်ပွဲ၊ ဥယျာဉ်ပါတီပွဲ၊ လက်ထပ်ပွဲ စသဖြင့် မတူညီသောပွဲလမ်းသဘင်တို့တွင် ဖိတ်ခေါ်ခြင်းခံကြရသည်။ ပြည်ထောင်စုပွဲ၊ နိုဗယ်ဆုချီးမြှင့်ပွဲ၊ သို့မဟုတ် ဘုရင်၊ မိဖုရားနန်းတက်ပွဲစသဖြင့် အထက်တန်းကျသည့် ခေါ်ဖိတ်ခြင်းလည်း ရရှိတတ်ကြသည်။ သို့သော် မည်သို့သောအခြေအနေကိစ္စရပ်တွင်ဖြစ်စေ အောက်ပါအချက်များသည် အမြဲမှန်ကန်လေ့ရှိပါသည်။

- အချိန်ကာလသည် တိုတောင်းလှသည်။ တစ်နေ့ သို့မဟုတ် တစ်ညသာဖြစ်လေ့ရှိပါသည်။
- ပွဲလမ်းသဘင်သည် ပုဂ္ဂိုလ်ရေးဆန်လေလေ၊ ဖိတ်ခေါ်မှုအပေါ် ကျေနပ်လေလေဖြစ်သည်။
- အကန့်အသတ်ဖြင့်သာ ဖိတ်ကြားမှုကိုပြုလေ့ရှိပါသည်။

အထက်၌တင်ပြထားသော ဘုရားသခင်၏မေတ္တာပေးစာတည်းဟူသော သမ္မာကျမ်းစာအားဖြင့် ကျွန်ုပ်တို့အားပေးထားသည့် ထူးခြားသော ဖိတ်ကြားမှုအကြောင်းကို သင်သတိရမှတ်မိပါသလား။ ကျွန်ုပ်တို့အား ဖိတ်ကြားထားမှုသည် ဤလောက၌ ဖိတ်ကြားခံရသော ပွဲလမ်းသဘင်နှင့်မတူဘဲ ထာဝရကာလနှင့်သက်ဆိုင်ပါသည်။ ဤပွဲလမ်းကျင်းပသောသူသည် အမြင့်ဆုံးနှင့် ထာဝရအကြီးမြတ်ဆုံးသောသူ ဖြစ်သော ဘုရားသခင်ကိုယ်တိုင်ပင်ဖြစ်ပါသည်။ ဘုရားသခင်သည် ဝမ်းမြောက်ခြင်းပွဲတော်တည်းဟူသော ကြီးမားသည့်ထိမ်းမြားပွဲတော်ကို ကျင်းပသည်။ ၎င်းမှာ ကောင်းကင်ဘုံကဲ့သို့သော ထာဝရဝမ်းမြောက်ခြင်း၊ ဘုရားသခင်နှင့်ထာဝရမိတ်သဟာရဖွဲ့ခြင်း၊ ယေရှုခရစ်တော်၏ ထာဝရမျက်မှောက်တော်သို့ ရောက်ရှိခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် ကောင်းကင်ဘုံသည် မြေကြီးကဲ့သို့သောအရာမဟုတ်ပါ။ လူတို့၏နိုင်ငံရေးဆိုင်ရာဖက်ဒရယ်ပုံစံမျိုးလည်းမဟုတ်၊ စီးပွါးရေးစည်းမျဉ်းဥပဒေများသတ်မှတ်ထားသော နိုင်ငံတစ်ခု၏နည်းစနစ် သို့မဟုတ် ခြိုးခြံသောဘဝကိုကျင့်ကြံသည့် ဘုန်းကြီးကျောင်းလိုမျိုးလည်းမဟုတ်ပါ။ ဤအရာအားလုံးသည် လူတို့၏အတွေးအခေါ်နှင့်စပ်ဆိုင်သော လူ့နည်းစနစ်၏အကျိုးဆက်သာဖြစ်ပါသည်။ သို့ရာတွင် ဘုရားသခင်က ကျွန်ုပ်တို့အား ကျေနပ်အားရမှုရှိသော ဘဝအသက်တာမျိုးကို ရရှိစေလိုသည်။ မြေကြီးပေါ်တွင် မြည်းစမ်းစေသည့်သဘောသာဖြစ်ပြီး ကောင်းကင်ဘုံ၌ကျွန်ုပ်တို့အတွက်သိုမှီးထားသောအရာနှင့်နှိုင်းယှဉ်ကြည့်လျှင် မပြောပလောက်သောအရာဖြစ်သည်။ ၎င်းသည် စိတ်ကူးဖြင့်ပင်မမှန်းဆနိုင်သည့် အလွန်စုံလင်သောအရာပင်ဖြစ်သည်။ တမန်တော်ရှင်ပေါလုက **"ဘုရားသခင်ချစ်သောသူတို့အဘို့အလို့ငှါ၊ ဘုရားသခင်ပြင်ဆင်တော်မူသောအရာတို့ကို လူမျက်စိဖြင့်မမြင်၊ နားဖြင့်မကြား၊ စိတ်နှလုံးဖြင့်မကြံစည်သေး"** ဟု ထိုအရာကို ဖော်ပြခဲ့သည်။ (၁ ကော ၂း၉)



© xxknightwolf - Fotolia.com